## မွေးဖွားမှုနှင့်သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၀)

**၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ(၁၅)ရက်**

မွေးဖွားမှုနှင့်သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၀) ကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့ မွန်းလွဲ (၁၄:၀၀) နာရီတွင် နေပြည်တော်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရုံးအမှတ် (၄၁)၊ အစည်း အဝေးခန်းမ၌ကျင်းပရာ မွေးဖွားမှုနှင့်သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်မြင့်မှ တက်ရောက်အမှာစကား ပြောကြားခဲ့ပါသည်။ အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်း အဝေးသို့ မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်း ဆောင်ရွက်ရေးအဖွဲ့ အတွင်းရေးမှူး၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်၊ သက်ဆိုင်ရာဌာနများမှ မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်များနှင့် UNICEF မှ ကိုယ်စားလှယ်တို့ တက်ရောက်ခဲ့ကြပါ သည်။



